**လူကုန်ကူးခံရသူ အမျိုးသမီးများအား လူ့ကျင့်ဝတ်နှင့်ညီညွတ်ပြီး ဘေးကင်းသော တွေ့ဆုံမေးမြန်းမှု ပြုလုပ်နိုင်မည့် လမ်းညွှန်ဥပဒေသ ၁၀ ခု ရှိပါသည်။**

**၁။ အန္တရာယ်မဖြစ်ပါစေနှင့်။**

သက်သေခံအထောက်အထားကွဲလွဲနိုင်သည်အထိ အန္တရာယ်ဖြစ်နိုင်ခြေ ထူးကဲများပြား လာပါက အမျိုးသမီးတစ်ဦးစီနှင့် အခြေအနေတို့ကို သုံးသပ်ဝေဖန်ပါ။ ကာလတို ဖြစ်စေ သို့မဟုတ် ကာလရှည်ဖြစ်စေ အမျိုးသမီးတစ်ဦးအတွက် အခြေအနေ ပိုမိုဆိုးရွားလာစေ နိုင်မည့် မည်သည့် တွေ့ဆုံမေးမြန်းမှုမျိုးကိုမဆို မပြုလုပ်ရပါ။

**၂။ သင်ဆောင်ရွက်မည့် အကြောင်းအရာကို သိရှိထားရန်နှင့် အန္တရာယ်များကို ချင့်ချိန်အကဲဖြတ်ပါ။**

တွေ့ဆုံမေးမြန်းမှုမပြုလုပ်မီ လူကုန်ကူးမှုနှင့်ဆက်စပ်သည့် အန္တရာယ်များ နှင့် အမျိုးသမီး တစ်ဦးချင်းစီ၏ အမှုအကြောင်းအရာတို့ကို လေ့လာထားပါ။

**၃။ လူကုန်ကူးခံရသူအတွက် လွှဲပြောင်းခြင်းဆိုင်ရာ သတင်းအချက်အလက်များ ကြိုတင်ပြင်ဆင် ထားပါ။ သင်ဖြည့်ဆည်းမပေးနိုင်သည့်ကိစ္စအပေါ် ကတိမပေးမိပါစေနှင့်။**

အမျိုးသမီးတစ်ဦးက မေတ္တာရပ်ခံခဲ့ပါက သူမအတွက် သင့်လျော်သည့် ဥပဒေ၊ ကျန်းမာရေး၊ နားခိုရာဂေဟာ၊ လူမှုရေးအထောက်အပံ့နှင့် လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများ စသည်တို့နှင့်စပ်လျဥ်း၍ သူမ၏ မိခင်ဘာသာစကား နှင့် ဒေသသုံးဘာသာစကား (အကယ်၍ မတူခဲ့ပါက) တို့ဖြင့် သတင်းအချက်အလက်များ ပံ့ပိုးပေးနိုင်ရေးနှင့် လွှဲပြောင်းရာတွင် အကူအညီ ပေးနိုင်ရေးတို့အတွက် အသင့်ပြင်ဆင်ထားပါ။

**၄။ စကားပြန်များနှင့် လုပ်ဖော်ကိုင်ဖက်များအား လုံလုံလောက်လောက် ရွေးချယ်ပြင်ဆင်ထားပါ။**

စကားပြန်များ၊ လုပ်ဖော်ကိုင်ဖက်များ သို့မဟုတ် အခြားသူများအား ရွေးချယ်ခန့်အပ်ခြင်း နှင့်ဆက်စပ်၍ ဖြစ်ပေါ်လာနိုင်မည့် အန္တရာယ်များနှင့် အကျိုးကျေးဇူးများကို ချိန်ဆထားရန် နှင့် စစ်ဆေးခြင်းနှင့် လေ့ကျင့်ခြင်းတို့အတွက် ပြည့်စုံလုံလောက်သည့်နည်းလမ်းများ ရေးဆွဲချမှတ် ထားပါ။

**၅။ မည်သူမည်ဝါဖြစ်ကြောင်း ဖော်ပြခြင်းမပြုပါနှင့်။ လျှို့ဝှက်ထားပါ။**

ဖြေကြားသူ(သူမ)အား ဆက်သွယ်ချိန်မှ ဖြေကြားသူ(သူမ)၏အမှု လူသိထင်ရှား ဖြစ်သွားချိန်အထိ တွေ့ဆုံမေးမြန်းခြင်း လုပ်ငန်းစဥ်တစ်လျှောက်လုံးတွင် ဖြေကြားသူ(သူမ)မှာ မည်သူမည်ဝါ ဖြစ်ကြောင်း ကာကွယ်ပေးပါ။ လျှို့ဝှက်ထားပေးပါ။

**၆။ ဖြေကြားသူထံမှ ခွင့်ပြုချက်တောင်းခံ ရယူပါ။**

ဖြေကြားသူတစ်ဦးစီ(သူမတို့တစ်ဦးစီ)သည် တွေ့ဆုံမေးမြန်းခြင်း၏ ရည်ရွယ်ချက်နှင့် ပါဝင်မည့် အကြောင်းအရာတို့ကိုလည်းကောင်း၊ ရရှိလာသည့်သတင်းအချက်အလက်များအား

အသုံးပြုမည့် ရည်ရွယ်ချက်ကိုလည်းကောင်း၊ မေးခွန်းများအား မဖြေကြားဘဲနေပိုင်ခွင့်ရှိမှုကိုလည်းကောင်း၊ တွေ့ဆုံမေးမြန်းမှုအား အချိန်မရွေး အဆုံးသတ်ပိုင်ခွင့်ရှိမှုကိုလည်းကောင်း၊ သတင်းအချက်အလက်တို့အား မည်ကဲ့သို့အသုံးပြုရမည်ဆိုသည့် ကန့်သတ်တားမြစ်ပိုင်ခွင့်ကိုလည်းကောင်း ရှင်းရှင်းလင်းလင်း နားလည်မှုရှိပါစေ။

**၇။ အမျိုးသမီးတစ်ဦးစီအနေဖြင့် ၎င်းတို့၏အခြေအနေနှင့် ဘေးကင်းလုံခြုံမှုအပေါ် အန္တရာယ်ကျရောက်နိုင်မှုတို့ကို ချင့်ချိန်အကဲဖြတ်မှုနှင့်စပ်လျဥ်း၍ နားထောင်ပေးပါ။ လေးစားပေးပါ။**

အမျိုးသမီးတစ်ဦးစီတို့အနေဖြင့် မတူကွဲပြားသည့် စိုးရိမ်ပူပန်မှုများရှိလိမ့်မည် ဖြစ်ကြောင်းနှင့် ၎င်းတို့အပေါ် အခြားသူများ၏ ချင့်ချိန်အကဲဖြတ်ပုံမှာလည်း သူမတို့ကြည့်ရှုပုံနည်းလမ်းနှင့် ကွဲလွဲနိုင်သည်ကို အသိအမှတ်ပြုပေးပါ။

**၈။ အမျိုးသမီးတစ်ဦးအား စိတ်သောက ထပ်မရောက်ပါစေနှင့်။**

ဖြေကြားသူ အမျိုးသမီး စိတ်သောကရောက်စေမည့် မေးခွန်းများအား ရည်ရွယ်မေးမြန်းခြင်းမပြုပါနှင့်။ အမျိုးသမီးတစ်ဦး စိတ်ခံစားချက်ကျနေမှုကို ကုစားပေးရန်နှင့် သူမထံတွင် စွမ်းအားများရှိနေသည်ကို မီးမောင်းထိုးပြနိုင်ရန် အသင့်ပြင်ဆင်ထားပါ။

**၉။ အရေးပေါ်အခြေအနေ တုန့်ပြန်ဖြေရှင်းပေးနိုင်ရေးအတွက် အသင့်ပြင်ဆင်ထားပါ။**

အကယ်၍ အမျိုးသမီးတစ်ဦးက သူမသည် အန္တရာယ်နှင့် ရင်ဆိုင်ရတော့မည်ဖြစ်ကြောင်း ပြောဆိုလာပါက ယင်းအခြေအနေကို တုန့်ပြန်ဖြေရှင်းပေးနိုင်ရေးအတွက် အသင့်ပြင်ဆင်ထားပါ။

**၁၀။ ကောင်းမွန်စွာအသုံးပြုနိုင်ရေးအတွက် သတင်းအချက်အလက်များ စုဆောင်းထားပါ။**

တစ်သီးပုဂ္ဂလ အမျိုးသမီးတစ်ဦးအတွက် အကျိုးသက်ရောက်မှုရှိစေမည့် သတင်းအချက်အလက် သို့မဟုတ် အများအားဖြင့် လူကုန်ကူးခံရသူ အမျိုးသမီးများအတွက် ဖြေရှင်းဆောင်ရွက်ပေးနိုင်မည့်၊ ကောင်းမွန်သည့်မူဝါဒများ တိုးတက်ဖြစ်ထွန်းလာစေမည့် သတင်းအချက်အလက်တို့ကို အသုံးပြုပါ။